

ဆုလေးနှယ်
သင်းသော်ချာ မိုးတိမ်တိုက်ဆီ

# အခန်း (၁)

စိန်လည်တုံရဲ့ ရှေ့ကို အရပ်နည်းနည်းလေး ပုချင်တဲ့ ပတ္တမြားက ကျော်တက်ရပ်တန့်လိုက်ပါသည်။ ဖက်ရှင်ရှိုးပွဲတစ်ခုကို သိပ်ကြီး တိုးတိုးဝှေ့ဝှေ့ မလုပ်ချင်တဲ့ ခရမ်းစွဲကတော့ သူတို့နှစ်ယောက်ရဲ့ နောက်နားလေမှာပဲ ခပ်အေးအေး ရပ်ကြည့်နေမိသည်။

လူအုပ်ထဲမှာ ရှေ့နောက်သွားနေတဲ့ ပတ္တမြားညိုက စိန်လည်တုံရဲ့ လက်ကို ဆွဲပြီးအလန့်တကြားလေး..

" ဟဲ့….. တုံတုံ၊ ဟိုနောက်မှာ တွေ့လား၊ ငွေဘော်ကြယ်တွေနဲ့ အင်္ကျီအကျပ်နဲ့လေ"

"တွေ့သားပဲ"

တုံတုံ အဖြေက မပွင့်တပွင့်…..

" ဟွန်း … သူဝင်ပြိုင်မှန်း သိလာရင်တောင် မကြည့်ပါဘူး"

မြားက မျက်နှာလေး ရှုံ့မဲလျက် D.J တီးလုံးတွေကို လွှမ်းမိုးအောင် တုံ့တုံ့နားကပ်လျက် ခပ်ကျယ်ကျယ်နှင့် ကြားအောင် ပြောလိုက်သည်။

"ဟဲ့.. မြား.. ဘာလဲ၊ နင်ဘာတွေ ကပ်ပြောနေတာလဲ"

ခရမ်းစွဲက သိချင်သေး၏

"ဘာမှ မဟုတ်ဘူး စွဲရဲ့၊ သူက ငွေပိုးကို ခုမှမြင်ပြီး အလန့်တကြား လုပ်နေတာ"

"သြော်….."

"နင်တို့နှစ်ယောက်က အစောကြီးကတည်းက သိပြီးသားပေါ့လေ၊ ငါ့ကိုတောင် မပြောဘဲ မြိုထားကြတယ်"

ပတ္တမြားနှင့် ငွေပိုးလွှာ ကျောင်းတော်က ရန်စ၊ ကျောင်းတော်က ပြိုင်ဘက်တွေပါ၊ အဝတ်အစား ဝတ်တာ၊ စာတော်တာ၊ လူချစ်လူခင်ပေါတာ၊ ကောင်လေးတွေ စိတ်ဝင်စားတာ ရှိတာ စသဖြင့် အစစအရာရာ ကြိတ်ပြီး ပြိုင်ခဲ့တဲ့ နှစ်ယောက်ပါ။

ဆယ်တန်းအောင်တော့ သူတို့သုံးယောက် နိုင်ငံခြားဘာသာသင်တက္ကသိုလ် YUFL တက်ကြတော့ ငွေပိုးက အဝေးသင်နှင့် ဘယ်လိုက မော်ဒယ်လောကထဲ ရောက်သွားသလဲမသိ။

ဟိုပွဲပါ ဒီပွဲပါနှင့် မထင်မှတ်ဘဲ တစ်စတစ်စ နာမည်ရ လူသိများလာခဲ့ပြီ။

ဒါကို ပတ္တမြားက အတော်မနာလို ဖြစ်မိသည်။

ခုလည်းကြည့်လေ...

မော်ဒယ်လ်စင်မြင့် အနောက်နားမှာ ထွက်ဖို့ တန်းစီထားတဲ့ ငါးယောက်ထဲမှာ သူ ရှေ့ဆုံးက...

ဆံပင်လေးကို ဖန်စီ ဆံထုံးအဆန်းပြားလေး ထုံးထားတာကြောင့် လည်တိုင်တိုင်ကြော့ကြော့နှင့် ပခုံးမွတ်မွတ်လေးတွေက ဖွေးဥနုမှုန် ပြေပြေပြစ်ကျော့ရှင်းလှသည်။

သူအရင်က အသားအရေ ဒီလောက်မလှပါဘူး။

ဒစ္စကိုလိုက်ထိတွေရဲ့ ပံ့ပိုးမှုနဲ့ မိတ်ကပ်တွေရဲ့ အစွမ်းကြောင့် ထင်ပါရဲ့.....

“ ပွဲက မနေ့ကတည်းက စတာ၊ သူက ဇကာတင်ထဲပါလို့ ဒီနေ့ ပြန်ပြိုင်ရတာ ဖြစ်မယ်”

“ဟုတ်မှာပေါ့”

“လှတော့လှသားနော်”

"မလျှပါဘူး"

ခရမ်းစွဲ မှတ်ချက်ကို မြားက ကန့်ကွက်သည်။ ငွေပိုးကို လှတယ်ပြောတာ မြား တကယ် နားကလောလွန်းလို့ပါ။

"ခါးနံပါတ် နှစ်ဆယ့်နှစ် ငွေးပိုးလှွာ ဖြစ်ပါတယ်"

မီးရောင်ပြာလင်းလင်းမှာ ဝံ့ဝံ့စားစား Cat Walk လျှောက်လာတဲ့ စတိုင်က အမိုက်စား၊ ခန္ဓာကိုယ်ကို ယိမ်းနွဲ့ကာ လျှောက်လာရင် ရင်ဖိုစွဲမက်စေလောက်သည်။

ရှေ့နားရောက်တော့ နွဲ့နွဲ့လေး ခါးထောက်ရပ်ပြီး တစ်ချက်ပြုံးပြသည်။

အံမယ်.... အပြုံးက ညို့ပြုံး .... သူရဲ့ပါးချိုင့်ရှည်လေးကို အားလုံးမြင်သာအောင် ပြသွားတာ။

ကောင်ကလေးတွေ ငေးသွားသည်။

ဟေးခနဲလည်း ဟစ်ကြွေးကြ၏ ။

"ပိုးလေး...ပိုးလေး"

အားပေးသံ၊ လက်ခုပ်သံတွေ ဆူညံစွာ လွှမ်းမိုးသွား၏ ။ ပတ္တမြားညိုက နံဘေးက အောဟစ်အားပေးတဲ့ အရပ်ရှည်ရှည် လူကြီးကို လှည့်ပြီး မျက်စောင်းထိုးလိုက်သည်။

မြားကသာ မကျေနပ် မရှုစိမ့်အောင် ဖြစ်နေတာ။ ငွေပိုးလှွာက အတော်ဆွဲဆောင်မှုရှိသည်။ ဂါဝန်ကျပ်လေးက ရင်ညွန့်တစ်လျှောက်ကနေ ခါးအထိ ဘော်ကြယ်တွေ ကပ်ထားသော်လည်း အောက်ပိုင်း ပေါင်တံနားလောက်မှာ အလွှာပါးအစလေးပဲရှိတာ။

လျှောက်လာပုံကို ကြည့်ရတာ ပုရိသတို့ ရင်သပ်ရှုမော အသက်ရှူ မှားလောက်ပါရဲ့။

ဟော....

ကျောပေးပြီး ပြန်လျှောက်သွားပြန်တော့လည်း ဟာခနဲ ငေးရလောက်အောင် ကျောပြင်ဝင်းဝင်း လေး တစ်ခုလုံး အင်္ကျီစ လွှတ်ထားတဲ့ ပြောင်ကလေးအတိုင်း....

မိန်းကလေး အပျိုရွယ်ကလေးတစ်ယောက်ရဲ့ ကျောတစ်ပြင်လုံးကို မြင်သာအောင်ပြနိုင်တဲ့ ဖက်ရှင်ဒီဇိုင်းနာရဲ့လက်ရာကလည်း အတော်ပြောင်မြောက်ပြီး ပညာသားပါသည် မဟုတ်လား။

မြားတောင် ပါးစပ်ပိတ်သွား အငိုက်မိကာ တစ်ချက်မျှ ငေးမိသွားမိသေးတာ ကြည့်......

ကောင်းကလေးပရိတ်သတ်ကတော့ ဆိုဖွယ်မရှိပါ။

"ပိုးလေး... ပိုးလေး"

နှင့် အုံးအုံးကြွပ်ကြွပ် ဆူညံသွားပါသည်။

"တော်ပြီဟာ... မိုက်ဆာတယ်၊ တစ်ခုခု သွားစားရအောင်"

ပတ္တမြားက ဆက်လက် သည်းခံ မကြည့်နိုင်အောင် ဖြစ်သွားသည်။

ပြီးရင် မယ်မင်းကြီး မငွေပိုးလွှာက အုပ်စုလိုက်နောက် တစ်ခေါက် ပုံစံပေးဦးမှာလေ...

ဒင်းမျက်နှာက ... ဒင်းရဲ့ ညုတုတု အပြုံးပြုံးတွေကို နောက်တစ်ခေါက် မခံစားချင်တော့ပါ။ တစ်ခြားမော်ဒယ်လ်တွေကို ဆက်လက်ကြည့်ချင်သေးပေမယ့် ငွေပိုးကိုတော့ အသည်းယား အမြင်ကပ်လှပြီ။

ပတ္တမြားက ဦးဆောင်ပြီး လူအုပ်ကြားမှ စတင် တိုးထွက်လာ၏ ။ သူ့လက်ဆွဲရာ ပါလာရသူက စိန်လည်တုံ၊ တုံတုံရဲ့ နောက်ပါလာသူက သူကခရမ်းစွဲ။

မြားက သူ့ဆံပင်တိုတိုပေါ် ဆောင်းထားတဲ့ လျှာထိုးဦးထုပ်ကလေးကို ရွဲ့စောင်းမသွားအောင် လက်တစ်ဖက်က ကိုင်းထားသေး၏ ။

ဝတ်ထားတာက ကွာတားဂျင်ဘောင်းဘီလ်နှင့် ဂျာကင် အတိုပုံစံ ဂျင်းအင်္ကျီအနီရဲလေးပါ။ စီးထားတာက ဘွတ်ရှူး အဖြူလေး။

နောက်က တုံတုံကတော့ ဆံပင်ရှည်စင်းစင်းလေးကို ထိပ်ပေါ်မှာ အာလူးသီးလောက် ဆံထုံးလုံးလုံးလေး လုပ်ထားပြီး အဲဒီ ဆံထုံးလေးကို ကြိုးဖြူဖြူလေးနှင့် ရစ်ခွေထားသေး၏ ။ ပုံလေးက ဘာပုံလေးမှန်းမသိ။

ဒါပေမယ့် သူတို့သုံးယောက်ထဲမှာ စိန်လည်တုံက အရပ်လေးမြင့်ပြီး ချောလည်းချော၊ သိမ်မွေ့လည်း သိမ်မွေ့တော့ ကြိုက်စရာရှိရင် တုံ့တုံ့ပဲ အရင်ဆုံး ကြိုကြတာလေ။

ဒူးဆစ်ဖုံးတဲ့ စကတ်ကော်ဖီရောင်လေးနဲ့ အပေါ်က ရင်ဖုံးဆန်ဆန် ချည်သားအင်္ကျီ ဆင်ဆွယ်ရောင်လေးနဲ့ တုံ့တုံ့ပုံစံဟာ ဘယ်လိုနေနေ စွဲမက်စရာလေး ဖြစ်နေတက်သည်။

ခရမ်းစွဲကတော့ တူးစတက်ဆံပင်ခွေကောက်ကောက်နှင့် ဘဲဥပုံမျက်နှာလုံးလုံးလေးနှင့် နှုတ်ခမ်းထူထူလေးကိုအမြဲတမ်းတင်းတင်း စေ့ထားတက်သဖြင့် ရုပ်တည်ကလေးဖြစ်နေတက်သည်။

ခေါင်းဆောင်းပါတဲ့ ဂျာကင်ပွပွပါးပါးကို တီရှပ်အနက် ရောင်ပေါ်က ထပ်စွပ်ထားပြီး ကြိုးစလေးတွေ အရှုံ့လေးတွေပါတဲ့ စတိုင်လ်ဘောင်းဘီ မိုးကာသားအကျပ်ကလေးနှင့် သူတို့နောက်က အမီပြေး လိုက်လာသည်။

ဘယ်လိုပဲပြောပြော မိန်းကလေးသုံးယောက်သားဟာ အရွယ်တူ အလှချင်း မတိမ်းမယိမ်း သွက်သွက် လက်လက် တက်တက်ကြွကြွနှင့် ချစ်စဖွယ် ဟန်ပန်လေးတွေနှင့် ချည်းဖြစ်ပါသည်။

သူတို့သုံးယောက်သားမှာ မူလတန်းကျောင်းသူ ဘသကတည်းက အတူဆော့ကစားရင်း အတူကျောင်းတက်ရင်း လည်ပင်းဖက် ကြီးလာကြသူများ ဖြစ်သည်။

သုံးယောက်စလုံးဟာ မွေးချင်းမောင်နှမ မရှိတဲ့ တစ်ဦးတည်းသော သမီးတွေချည်းပဲဖြစ်ရာ အင်မတန်အဖော်မင်ပြီး ထိုသုံးယောက်ကိုကြည့်လျှင် ညီမအရင်းအချာတွေလား ထင်ရသည်။

သူတို့သုံးယောက်စလုံးက စိတ်တူကိုယ်တူ ဘယ်သွားသွား မခွဲမခွာ အတူစား အတူအိပ်သူတွေလည်း ဖြစ်သည်။

အမှန်တော့ သိပ်ချစ် သိပ်ရင်းနှီးခင်မင်ပြီး အတွင်းသိ အစင်းသိ သူငယ်ချင်းတွေသာ ဖြစ်ပါသည်။

သမီးသုံးယောက်ကသာ သူငယ်ချင်းတွေဖြစ်နေကြတာ မဟုတ်။ အမေသုံးယောက်ကလည်း ဟိုးတုန်းက တက္ကသိုလ် အတူတူတက်ခဲ့ကြတဲ့ သူငယ်ချင်းတွေပါ။

ဒေါ်မြသီတာ၊ ဒေါ်သက်ထားညို၊ ဒေါ်မူမူပြုံးတို့ဟာ အိမ်ထောင်ကိုယ်စီကျပြီး တစ်နှစ်ထဲမှာပဲ သမီးတစ်ယောက်စီကို လကလေးတွေသာခြားပြီး မွေးဖွားလာခဲ့ကြသည်။

မွေးတော့လည်း သုံးယောက်စလုံးက သမီးတွေချည်း။

ကလေးတစ်ယောက်မွေးပြီးတာနှင့် စီးပွားကျုံ့ရှာဖို့ ရည်ရွယ်ချက်ကလည်း တူနေကြတာမို့ နောက်ထပ်ကလေးလည်း မယူကြတော့ပါ။

သူတို့သုံးယောက်ကြီးလာရင် ညီမအရင်းလို ချစ်ခင်ကြပစေဟု သဘောပိုက်ကာ ဘာမှလည်းမပူ။

ထိုအမေ သုံးယောက်တို့ဟာ မိန်းမသားပီပီ ကျောက်မျက်ရတနာတို့ကို

သဘောကျနှစ်ခြိုက်သူများ ဖြစ်တာကြောင့် သမီးလေးတွေကို နာမည်ပေးဖို့ အချင်းချင်းတိုင်ပင်တဲ့အခါ ရတနာတွေထဲက တစ်ခုခုကို အမည်မှည့်ခေါ်ကြဖို့ ဆုံးဖြတ်ချက် ချကြသည်။

အရင်းဦးဆုံးသက်ထားညိုက သူ့ရဲ့ချစ်သမီး ရင်နှစ်သဲချာကို ပတ္တမြားညိုဟု သူနှစ်သက်ဆုံး ရတနာကို အမည်ကိုပေးဖို့ အတည်ပြုခဲ့သည်။

ဒေါ်မြသီတာက ကျောက်မျက်တွေထဲ စိန်ကို အမက်မော အနှစ်သက်ဆုံးမို့ သူ့သမီးနာမည်ကို စိန်လည်တုံဟု ရိုးရိုးကြီးပင် မှည့်ခေါ်ပြီး ဒေါ်မူမူပြုံးကတော့ စွဲကို ခရမ်းစွဲဟု အမည်ပေးလိုက်သည်။

ဒီတော့ စိန်လည်တုံက တုံတုံ၊ ပတ္တမြားညိုက မြား(သူ့ကို ညိုဟုခေါ်လျှင် သူမကြိုက်)၊ ခရမ်းစွဲက စွဲဟု ဖြစ်လာခဲ့သည်။

တုံတုံ၊ မြားနှင့် စွဲတို့သည်မူကြိုကျောင်းတစ်ခုတည်းသို့ တစ်ပြိုင်နက်တည်း ဝင်ရောက်ခဲ့ကြသည်။ သူတို့မှာ တခြားကလေးအဖော်ပင် မလိုဘဲ ... သုံးယောက်ပေါင်းလောင်းကျော် ဖြစ်ခဲ့ကြသည်။ ဘယ်သူ့နဲ့ ဘာဖြစ်ဖြစ် သူတို့သုံးယောက်က အတူတူ တစ်ဖက်ရပ်တည်သည်။

အားကစားလုပ်ဖို့ ဆရာမက အသင်းခွဲပေးလျှင် သူတို့သုံးယောက်ကို တစ်ဖွဲ့တည်း ထားပေးလို့မရ တစ်ယောက်စီ အုပ်စုခွဲပြီးထည့်ပေးရသည်။ အင်္ဂလိပ်စကားပြော အပြန်အလှန်လေ့ကျင့်ပြီဆိုလည်း တုံတုံ တို့ကို စားပွဲတစ်ဝိုင်းတည်း အတူပြောခွင့်ပေးလို့မရ၊ တစ်နေရာဆီ ထားပေးရသည်။

အမှန်က သူတို့သုံးယောက် စည်းလုံးပြီး အချင်းချင်းယိုင်းပင်းကူညီလွန်းလို့ ဖြစ်သည်။ တစ်ယောက် ကို မတ်တပ်ထပြီးစာမေးလျှင် အောက်ကနှစ်ယောက်က အဖြေပြောပေးကြသည်။

ဟဲ့ ... မပြောကြနဲ့ဆိုလျှင်လည်း မရ...

မသိမသာနှင့် အမူအယား ခိုးလုပ်ပြကြသည်။

သူတို့က တစ်ယောက်မျက်နှာကဲကိုလည်း တစ်ယောက်က အမှန်အတိုင်း အဖြေဖော်နိုင်ကြသည်။

အတန်းလေးက တဖြည်းဖြည်းရလာလေ သူတို့သုံးယောက်ရဲ့သံယောဇဉ်က ပိုမိုခိုင်မာ နှောင်ဖွဲ့မိ ကြလေမို့ ခွဲလို့မရတော့ချေ။ သုံးယောက်သားဟာ နံနက်မိုးလင်းကနေ ညအထိ အတူတွေ့ဆုံကြတာကို အားမရဘဲ သုံးယောက်အတူတူ တစ်ခန်းထဲမှာ အိပ်ချင်ကြတာမို့ မိဘတွေအိမ်မှာ တစ်ပတ်ဆီ လှည့်နေရ သည်။ ဒီတစ်ပတ် တုံ့တုံ့အိမ်ဆို နောက်တစ်ပတ် မြားရဲ့ကအိမ်၊ နောက်တစ်ပတ်ကျတော့ စွဲရဲ့အိမ်။

မိဘတွေကလည်း သူတို့ရဲ့နှောင်ဖွဲ့ပတ်သက်မှုကို လက်မြှောက်ရပါသည်။ လူတွေကလည်း သူတို့ သုံးယောက်ကို အတူတူတတွဲတွဲ မြင်နေကြမို့ ညီအစ်မတွေလို့ပဲ ထင်ကြသည်။ ညီအစ်မရင်းတွေမဟုတ်ဘဲ အချစ်ဆုံးသူငယ်ချင်းတွေဆိုတာသိလျှင် လူတိုင်း အံ့သြချီးမွမ်းရသည်။

ဘယ်နေရာမှာပဲ တွေ့လိုက်တွေ့လိုက် သူမတို့က သုံးယောက်ပူးတွဲပဲကိုး။ ဘယ်တော့မှ လက်တွဲ မဖြုတ်ကြ။

သူတို့သုံးယောက်ထဲမှာ ပတ္တမြားညိုက စာအတော်ဆုံးဖြစ်တာမို့ တုံ့တုံ့နှင့်စွဲမှာ သူ့ကိုအတော်အား ကိုးရပါသည်။

သင်္ချာနှင့်အင်္ဂလိပ်စာဆိုရင် သူ့ကိုတစ်ခေါက် ပြန်ရှင်းပြခိုင်းမှပဲ နားရှင်းပြီးသဘောပေါက် ရတဲ့အထိ ပါ။ ကျူရှင်မှာဆိုလည်း အရေးကြီးရင်ကြီးသလို မြားစာအုပ်ထဲကပဲ အမြန်ကူးချရသည်။ စာနှင့် ပတ်သက်လျှင် မြားကလက်ရေးလက်သားလည်း လှပသေသပ်ပြီး သွက်သွက်လက်လက်နှင့် မှတ်ဉာဏ် ပိုကောင်း သည်။ သူက ဝီရိယလည်းပိုကောင်းသည်။ တုံ့တုံ့တို့အိပ်ရာမနိုးခင် သူ့အရင်စောစောထ၍ စာကျက်နေ တတ်သည်။

အထက်တန်းကျောင်းရောက်တော့ သူ့ရဲ့စာပြိုင်ဖက်ဟာ ငွေပိုးလွှာဖြစ်လာခဲ့သည်။

အတန်းထဲမှာ ငွေပိုးလွှာက တော်တော်စတားဖြစ်သည်။ ဆရာဝန်ကြီးရဲ့သမီး၊ စာလည်းတော်၊ လှလည်းလှတော့ အတော်သတင်းမွှေးတဲ့သူ ဖြစ်သည်။

စာမေးပွဲဖြေလိုက်လို့ ငွေပိုးက အမှတ်နည်းနည်းသာသွားလျှင် မြားကမခံချင်သလို ဘေးက တုံတုံနှင့်စွဲကလည်း ခပ်မြောက်မြောက်ဖြစ်နေတဲ့ ငွေပိုးကို အမြင်ကပ်ကြတာပင်။

ပတ္တမြားကို ဘယ်နေရာလေးမှဖြစ်ဖြစ် ငွေပိုးထက် အသာစီးရစေချင်စိတ်က နှစ်ယောက်လုံးမှာရှိ သည်။ သို့သော် ကိုယ်တွေက စာမတော်တော့ စာဖက်မှာတော့ အနိုင်ပိုင်းလို့က မရ။ အတန်းထဲမှာ ငွေပိုးက ဝမ်းတူးဖိုက်အဆင့်ထဲမှာ အမြဲတမ်းရှိနေသည်။ မြားနှင့်ကတော့ မတိမ်းမယိမ်းပါ။

ဆယ်တန်းမှာ တုံတုံတို့သုံးယောက်က ပိုစည်းလုံးချစ်ခင်လာခဲ့သည်။ ဘာကြောင့်လည်းဆိုရင် တုံ့တုံ့မေမေနှင့် ဖေဖေက ဂျပန်ထွက်သွားပြီး ပတ္တမြားရဲ့မိဘတွေကလည်း အလုပ်သွားလုပ်ဖို့ စင်္ကာပူ ထွက်သည်။ ပြီးတော့ ခရမ်းစွဲအမေက သူ့အဖေရာထူးပြောင်းရွှေ့ရတဲ့ မန္တလေးကို လိုက်သွားတာမို့ သူတို့ သုံးယောက်ကို တိုက်ခန်းနှစ်လွှာနှင့် သီးသန့်နေစေသည်။ စာသင်ဖို့ အုပ်ထိန်းဖို့ ဂိုက်ဆရာမတစ်ဦးကို ထား ပေးသည်။

ထိုအချိန်ကစလို့ သူတို့ဟာ လူကြီးဆန်ဆန် လူကြီးစိတ်မွေးကာ ဘဝကိုလက်တွဲရင်ဆိုင် ဖြတ်သန်း ခဲ့ရတာ ဖြစ်သည်။ အရင်ကထက် ပိုနီးကပ်နွေးထွေးမှုတွေလည်း ရှိလာရ၏ ။

အိပ်အတူ၊ စားအတူ၊ သွားအတူ၊ စာကျက်အတူနှင့် သူတို့ကြားက နှောင်ဖွဲ့မှုတွေက ပိုမို မြဲမြံ သိပ်သည်းလာခဲ့ရသည်။

မိဘတွေကလည်း သူတို့ရဲ့ရပ်တည်မှုကို စိတ်ချလက်ချလွှတ်ပေးထားလိုက်သည်။

သူတို့သည် ထိုသို့ လွတ်လွတ်လပ်လပ် ကိုယ့်စိတ်ကြိုက်နေရသောအခါ စာကို မကြိုးစားမဟုတ်၊ သေချာကြိုးစားပါသော်လည်း တစ်ဖက်ကလည်း ဝါသနာပါရာ အပျော်တမ်း Band အဖွဲ့လေးတစ်ဖွဲ့ကို သုံးယောက်အတူ ဖွဲ့ခဲ့ကြသည်။

တစ်ခြားအဖွဲ့လေးတွေ တေးဂီတလောကမှာ အောင်မြင်နေတာ တွေ့ရတော့ သူတို့ရဲ့အိမ်မက်ရွာ Dream Village တေးဂီတအဖွဲ့လေးကိုလည်း သူများတွေကဲ့သို့ အောင်မြင်ချင်လာသည်။

စွဲက ဂစ်တာတီးခတ်ရာမှာ တော်သည်။ မြားကလည်း ငယ်ငယ်ကတည်းက စန္ဒယားသင်ယူပြီး၊ ယခုလည်း အော်ဂင်ကောင်းကောင်းတီးနိုင်သည်။ တုံတုံတစ်ယောက်ကသာ အဆိုကိုပဲအားသန်တာ။

သို့ပေမယ့် သုံးယောက်ထဲမှာ တုံ့တုံ့အသံက ချိုအေးမြပြီး ဆန်းသစ်တဲ့ ဆိုပေါက်တစ်မျိုးလေး ရှိသည်။ သီးခြားကွဲထွက်နေသည်။ ရုပ်ရည်အားဖြင့်လည်း တုံ့တုံ့က အနည်းငယ်မိန်းမဆန်ပြီး ကန့်ကလျာ လေး ဖြစ်နေသည်။

စကားပြောလိုက်တဲ့ အသံကိုက တိုးတိုးအေးအေးလေးနှင့် ငြိမ်းချမ်းသည်။ အဲဒါအပြင် တစ်ဖက် သားကိုဆွဲဆောင်နိုင်တဲ့ ညို့ဓါတ်တစ်မျိုးရှိသည်။

သို့သော် သူတို့သုံးယောက်က ဝါသနာတူတွေမို့ သီချင်းဆိုဖို့ဆိုရင်တော့ လာခဲ့။

အရူးအမူးလေးတွေ ... ညသန်းခေါင်ထိ သီချင်းထိုင်ရေးကြသည်။

ရေးတဲ့အခါလည်း တိုင်တိုင်ပင်ပင် ... ဆိုတဲ့အခါလည်း အဖွဲ့လိုက်ကလေး တက်တက်ကြွကြွ။

ဒါပေမယ့် ဆယ်တန်းမအောင်ခင်အထိတော့ သီချင်းကိစ္စကို သိပ်ဦးစားမပေးရပါ။

အောင်စာရင်းထွက်တော့ ပတ္တမြားညိုက တူးဒီပါခဲ့သည်။

နည်းပညာတက္ကသိုလ်တက်ဖို့ အမှတ်မီပေမယ့် တုံတုံနှင့်မခွဲချင်တာကြောင့် YUFL ပဲ တက်ခဲ့သည်။

တက္ကသိုလ်ရောက်တော့ သိပ်ကလေးမဆန်ချင်တော့တာမို့ မြားတစ်ယောက်ငွေပိုးကို မေ့မေ့ ပျောက်ပျောက် ထားလိုက်ပြီဟု သူတို့ထင်မိပေမယ့် ဒီကနေ့ငွေပိုးမော်ဒယ်လ်လျှောက်တော့ မြင်ရတော့ မြားမှာ ပူစပ်ပူလောင် မနာလို၊ အမြင်ကပ်၊ ကြည့်မရ ဖြစ်နေဆဲဆိုတာ နားလည်လိုက်သည်။

ပတ္တမြားဆန္ဒကြောင့် သူတို့လည်း ရှိုးပွဲကျင်းပနေရာ လူအုပ်ကြားမှာ တိုးထွက်လာပြီး အနီးအပါးက ကော်ဖီစနက်လေးမှာ ဝင်ထိုင်ခဲ့ကြသည်။

"မြားရယ် ... နင်က အခုထိ မပြောင်းလဲသေးပါလား"

"ဟွန်း ... ဒီမိန်းမ မော်ဒယ်လ်လျှောက်တာကိုများ ငါက သွားမော့နေရဦးမယ်... ဝေးသေး"

ပတ္တမြားက နှုတ်ခမ်းကိုမဲ့ရွဲ့လိုက်၏ ။ ကိုယ်က သီချင်းတွေဆိုနေပေမယ့် ခုထိ ခွေမထွက်နိုင်သေး ဘဲ ကြိုးစားအားခဲနေတုန်းမှာ သူကပရိသတ်ရှေ့ မော်မော်ကြွားကြွား ရောက်နေပြီဆိုတော့ တယ်မခံချင်လှ။

တစ်နေ့နေ့မှာတော့ ငွေပိုးကိုသာကြောင်းပြချင်ပါသေးသည်။

"မကြည့်ချင်လို့ ထွက်လာပြီပဲ... ထားလိုက်ပါတော့"

"သူနဲ့ လာလာဆုံတာကိုပဲ မုန်းတာ"

"ငါတို့လည်း တစ်ချိန်ချိန်တော့ အောင်မြင်ဦးမှာပေါ့"

"တုံတုံ ... နင့်မာမီဆီ ပိုက်ဆံလှမ်းတောင်းဟာ၊ အခွေထွက်လို့ရအောင်"

"အို ... မာမီက ဒီလောက်အများကြီး ပို့မလားဟဲ့"

"အေးလေ ... ဟုတ်သားပဲ"

"မေမေကလည်း ငါ့ကို ဒီအဆိုတော်အလုပ်ကြီးကို ရူးရူးသွပ်သွပ် လုပ်စေချင်တာ မဟုတ်ဘူး"

ခရမ်းစွဲကလည်း ခပ်ညည်းညည်းဆိုသည်။

"ကဲ ... အဲဒါတွေ အသာထား၊ ဗိုက်ဆာပါတယ်ဆိုမှ ငါ မုန့်သွားယူမယ်၊ နင်တို့လည်း သစ်ကြားသီး ဒိုးနတ်ပဲမို့လား"

ပတ္တမြားက သွက်သွက်လက်လက် ထထွက်သွားပါသည်။ တအောင့်ကြာတော့ ချောကလက်မစ် ရှိတ်လ် သုံးခွက်နှင့် မုန့်ပန်းကန်တွေ၊ ဇွန်းတွေ ထည့်သယ်လာ၏။

သူမတို့ သုံးယောက်သား မုန့်တွေ ပါးဖောင်းအောင် စားနေဆဲမှာပဲ မော်ဒယ်လ်ပြိုင်ပွဲက ပထမပိုင်း ပြီးသွားသည်။

ဒုတိယပိုင်းကို တော်ကြာမှပြန်စမှာ...

လူတွေ လှုပ်လှုပ်ရွရွနှင့် ဆိုင်ထဲဝင်လာကြကာ သိပ်မကြာဘဲ ဆိုင်မှာ လူအပြည့်နီးပါး ဖြစ်သွားပါ သည်။

ထိုအချိန်မှာပဲ မျှော်လင့်မထားသော စုံတွဲလေးတစ်တွဲက သူတို့ရဲ့မြင်ကွင်းထဲသို့ စတင်ဝင်ရောက် လာခဲ့ပါသည်။

"ဟင်"

တုံတုံက အရင်စ မြင်သည်။

အစိမ်းမှိုင်းရောင် စတိုင်လ်ဘောင်းဘီပွပွနှင့် အပေါ်က အသားရောင်ရှပ်အကျႌကို လက်ရှည်ချကာ သားသားနားနားဝတ်ထားပြီး လူကလည်း ကြော့ကြော့မတ်မတ်စတိုင်လ်နှင့် ကိုယ်နေဟန်ထား ခပ်ဖြောင့်ဖြောင့်၊ အရပ်ကလည်း မြင့်၊ အသားကလည်း ဖြူဝင်းစိုပြေတော့ ဝင်လာတဲ့ တခြားသူတွေနှင့် မတူဘဲ ထူးထူးခြားခြား အရောင်တစ်ခုလင်းဖြာသွားသလို ထင်မိသည်။

ဒီလူကြီး မိုက်လှချည်လားဟု အမှတ်တမဲ့ စိုက်ငေးသွားမိစဉ်မှာပဲ သူ့နံဘေးက မိန်းကလေးကို ပုဝါ ကလေးလွှမ်းခြုံပေးလိုက်တော့ ဗြုန်းခနဲမြင်ရသောအခါ တုံ့တုံ့မျက်နှာလေး ပူနွေးသွားရသည်။

သူ ပုဝါကို လွှမ်းပေးပုံကလေးက တယုတယ။ တုံ့တုံ့ရင်မှာ ဘယ်လိုကြီးဖြစ်သွားမှန်းမသိ။ ပြော မပြတတ်ချေ။

“ဟယ်တော့ … နင့်အချစ်တော် … အံ့မယ် သူက”

ခရမ်းစွဲစကားက တစ်ပိုင်းတစ်စနှင့် ရပ်တန့်သွားပါသည်။

ငွေပိုးလွှာက ခုန Cat Walk လျှောက်တဲ့ ငွေရောင်ဝတ်စုံလေးနှင့်ပဲ ခပ်ကြော့ကြော့ လျှောက်လာပြီး သူ့နံဘေးက ကိုလူချောက သူမရဲ့ပေါ်လွင်နေတဲ့ ပုခုံးလေးတွေ ကျောပြင်လွတ်လွတ်တွေကို တစ်ပါးသူ မမြင်စေချင်ဟန်ဖြင့် ပုဝါလှလှလေးတစ်ထည် ကမန်းကတန်း ခြုံလွှမ်းပေးလိုက်တဲ့ဟန်ဟာ ခရမ်းစွဲကို နှုတ် ဆွံ့အသွားစေပြီး၊ ပတ္တမြားကိုတော့ အတော်ကြီး မျက်စိစပါးမွေး စူးသွားစေပါ၏ ။

မယုံနိုင်အောင် အငိုက်မိအံ့အားလည်း သင့်စေသည်။

သူ ဘယ်အချိန်က ရည်းစားရှိနေလိုက်တာလဲ။

ပြီးတော့ သူ့ရည်းစားက ဒီလိုခန့်ခန့်ညားညား ယောကျ်ားပီသစတိုင်လ်

ဖြောင့်လှတဲ့သူဆိုတော့ မြားရင်ထဲမှာ ဘာကြောင့်မှန်းမသိ။ ဖြောင်းဆန်အောင် လူးလွန့်လူပ်ရှားသွားရပါသည်။

ပတ္တမြားညိုသည် သူမရဲ့အငိုက်မိ ေးမောသော မျက်ဝန်းတွေကို အမြန်ရုပ်သိမ်းအကြည့်လွှဲပါ သော်လည်း ငွေပိုးက တန်းတန်းမတ်မတ် မြင်တွေ့သွားခဲ့သည်။

ထိုသောအခါ သူမဟန်ပန်က ပိုမိုဂုဏ်ယူဝံ့ကြွားစွာ မျက်နှာလည်း ပင့်ချီသွားသည်ဟု ထင်ရ၏ ။

တစ်တန်းတည်းသားချင်းတွေမို့ ပြုံးပြမည်ဟု ထင်မိပေမယ့် ငွေပိုးလွှာက မသိချင်ယောင်ဆောင် ထားသည်။

သူ့လူကြီးက တိုက်တိုက်ဆိုင်ဆိုင် ပတ္တမြားတို့နှင့် မှန်ကလေးတစ်ချက်သာ အကာအရံရှိတဲ့ နှစ်ယောက်ထိုင် စားပွဲလေးမှာ နီးနီးကပ်ကပ် ရွေးချယ်ဝင်ထိုက်လိုက်သောအခါ သူတို့အုပ်စုလေးဟာ အလွန်အမင်းနီးကပ်သွားလေသည်။

တုံတုံသည် မှန်နှင့်နီးကပ်သော စားပွဲခြမ်းမှာ ထိုင်နေသူမို့ ငွေပိုးက သူမနှင့်ကပ်ရပ်လို ဖြစ်သွားကာ ဟိုလူကြီးကိုတော့ မျက်နှာချင်းဆိုင်။

သူ့အမူအယာဟာ ငွေပိုးရဲ့ချစ်သူဟု ထင်စရာရှိသော်လည်း တုံတုံစိတ်ထဲမှာ အစ်ကိုကြီးတစ် ယောက်က ညီမငယ်ကိုလိုက်ပါစောင့်ရှောက်တာရော မဖြစ်နိုင်ဘူးလားဟု ကိုယ်လိုရာ တွေးတောမိသည်။ ဘာကြောင့်လည်းဆိုရင် သူ့ကိုမြင်ရတာ ရင်တလှပ်လှပ် ဖိုရလွန်းလို့ပါ။

ငွေပိုးရဲ့ချစ်သူအနေနှင့် သူ့ကိုမမြင်ချင်။

သူ့မှာ ချစ်သူမရှိစေချင်၊ ပိုင်ဆိုင်ပတ်သက်သူ လုံးဝမရှိစေချင်။

သူ့ကိုမြင်ရုံနှင့် တုံတုံ့ရင်ထဲ ဖြစ်ပေါ်လာတဲ့ အတွေ့ပါပဲ။

ခန့်ညားမော့်ကလည်း တစ်ဖက်က စူးစူးလက်လက်မျက်နက်ဝန်လေးတစ်စုံကို ဖျပ်ခနဲကြည့်မိစဉ် ရုတ်တရက်အငိုက်မိကာ ဧေးခနဲငြိမ်သက်သွားရပါသည်။

ငွေပိုး ဘာပြောလိုက်သလဲဆိုတာကိုတောင် သူ့နားထဲမသဲကွဲ။

ယာယီအားဖြင့် သူဟာ အနားမှာရှိနေတဲ့သူတွေကို မေ့လျော့သွားမိတာ ဆန်းသည်။ သူမရဲ့ အကြည့်ကလေးတစ်ချက်ဟာ ညို့ချက်ပြင်းပြင်းနှင့် သူ့နှလုံးသားထဲ ထုတ်ချင်းခတ်ဖောက်ဝင်သွားသည်။

သူဟာ နိုင်ငံအတော်စုံအောင် ရောက်ဖူးတဲ့သူတစ်ယောက်။ သူ့ကို စိတ်လှုပ်ရှားအောင် လွှမ်းလွှမ်း မိုးမိုး၊ လှုပ်လှုပ်ခတ်ခတ်ဖြစ်အောင် ဆွဲဆောင်နိုင်သူလို့ သေချာမရှိခဲ့ဘူးတာ အမှန်။

အခု အခိုက်အတန့်လေးမှာ သူ အကြီးအကျယ်ပြောင်းလဲသော ခံစားချက်တစ်ခုကို ရသည်။

အဲဒါ ဘာလဲဆိုရင် ဒီနေရာမှာ ဒီအတိုင်းလေးပဲ ထိုကောင်မလေးကို အကြည့် မလွှဲစတမ်း စိုက်ကြည့်နေချင်တာပဲ။

အပေါ်အောက် မျက်တောင်ကော့ကော့နက်နက်လေးတွေ ဝန်းရံထားတဲ့ မျက်ဝန်းအနက်ဖျော့လေး ဟာ အတိုင်းအဆမဲ့သော အဓိပ္ပါယ်တွေနှင့် သူ့ကိုရီဝေယစ်မူးစေသည်။

အသည်းထဲထိ နက်နက်ရှိုင်းရှိုင်း တိုးဝင်လာသည်။

ရင်ထဲမှာ တငြိမ့်ငြိမ့်ခုန်လာရတဲ့ နွေးထွေးမှုပီတိကို ဘာနှင့်မှ နှိုင်းဆမရ။

“ကိုကို”

ကိုကို့မျက်လုံးတွေက တစ်ဖက်ကို ရောက်သွားတာ ငွေပိုးအတော်အခံရခက်မိ၏ ။

နှုတ်က ခေါ်ရုံမက လက်ဖျံကိုပါ ခပ်ဆတ်ဆတ်ပုတ်ခေါ်ရတဲ့အထိ ကိုကို အငမ်းထူနေတာ ကြည့် ..

“ဟင် … ဪ”

ဒီဖက်ပြန်လှည့်တော့ အယောင်ယောင်အမှားမှားနှင့် ဟွန်း … အမြင်ကပ်ပါဘိ။

“ရေဆာလှပြီ ကိုကိုရဲ့… အမြန်သွားဝယ်ပေးလေ”

“အိုကေ … ခဏလေး”

ခန့်ညားမော့်က လှစ်ခနဲထွက်သွားပြီး ကော်ဖီကောင်တာမှာ မှာစရာရှိတာမှာရင်း ဒီဖက်သို့ မသိ မသာ ပြန်လှည့်ကြည့်သည်။

ခုနကမျက်နှာလေးပဲ ငေးမောအငိုက်မိရတဲ့ သူကလေးရဲ့ဟန်ပန်နှင့် ကိုယ်နေဟန်ထားကို အခုမှပဲ တွေ့ရသည်။

ဆံပင်စင်းစင်းလေးတွေ ဖားလျားချထားတဲ့ ဘေးတိုက်မျက်နှာလေးက ပါးမို့မို့နှင့်ချစ်စဖွယ် …။ ပလက်တီနမ်နှင့် ရွှေရောစပ်ထားတဲ့ ဟဲန်းချိန်းပါးပါးလေးနှင့် သူမရဲ့လက်ကောက်ဝတ်၊ တံတောင်ဆစ်ကလေးကိုကြည့်ရတာ ကအစ တခြားမိန်းကလေးတွေနှင့်မတူဘဲ သူ့မျက်လုံးကို မလွှဲချင်အောင် ဖမ်းစားညို့ ငင်နိုင်သည်။

သူဟာ ဣန္ဒြေမရနိုင်အောင်ပဲ ထိုကောင်မလေးကို ဝေ့ဝေ့ကြည့်နေမိ၏ ။

“အစ်ကို … ရေသန့်တစ်ဗူး၊ အောရိန်းဂျူစ့် နှစ်ခွက်နော်”

“ဪ … ဟုတ်ပါတယ်”

ပိုက်ဆံရှင်းဖို့ သူ ခပ်ရှက်ရှက်နှင့် ပြန်လှည့်ရပြန်၏ ။

ငွေပိုးက သူ့ကို မသိမသာ မျက်စောင်းလှည့်ထိုးတာလည်း သူ သိသည်။

ဒါပေမယ့်မတတ်နိုင်။

ကိုယ့်စိတ်ထဲမှာ ကြည့်ချင်စိတ်ကို ကိုယ်မှမထိန်းချုပ်ချင်ဘဲ။ ကြည့်ချင်လို့ ကြည့်မိတယ်ကွာ ... ဘာဖြစ်သေးလဲ။

သူသည် ဗန်းကိုသယ်ပြီးစားပွဲကို ပြန်လျှောက်လာသည်။

နံဘေးက ကပ်လျက်စားပွဲမှာ သူဝင်ထိုင်လိုက်တာနှင့်ပဲ တုံတုံရင်တွေက အလိုလိုနေရင်းထိုင်ရင်း ဗြောင်းဆန်ခုန်လှုပ်ပူထူလာပါသည်။

"ကိုကိုကလည်းနော် ... ဘယ်တွေငေးနေတာလဲ မသိပါဘူး"

"မငေးပါဘူး"

ကို့ကိုကို ဖမ်းစားလိုက်တာ ဘယ်သူလဲ ငွေပိုးသိသားပဲ။

တောနာမည်ကြီးလိုလိုနဲ့ ဟိုမိန်းမပေါ့။

စိန်လည်တုံ ...

ကိုကို ခန့်ညားမော်ဟာ မိန်းကလေး ချောချောလှလှတွေ့မြင်ရင်း ယောကျာ်လေးပီပီသသ ငေးချင် ငေးတတ်တာ သိပေမယ့် ဒီအုပ်စုထဲက မိန်းမကိုတော့ သွားမငေးစေချင်ပါ။

ခန့်ညားမော်က ရေဗူးထဲက ရေကိုရေခဲတွေ ဖြည့်ထားတဲ့ ဖန်ခွက်ထဲလောင်းထည့်ပြီး ငွေပိုးထံ ဂရု တစိုက်ကမ်းပေးလိုက်သည်။

ဒါကိုမြင်နေရတဲ့ တုံတုံ့စိတ်ထဲမှာ သူ့ူဟာ ကြင်နာအလိုလိုက်တတ်သော၊ ဦးစားပေး ငဲ့ညှာတတ် သော ယောကျာ်းတစ်ယောက်ပဲဆိုတာ အလိုလို ယုံကြည်မိလျက် သူ့အယုအယကို

ခံစားရတဲ့ မိန်းကလေး ကတော့ သိပ်ကံကောင်းမှာပဲဟု အားကျမိသည်။

အရင်က ငွေပိုးကို တစ်ချိန်ချိန် အားကျငေးမောမိရလိမ့်မည်ဟု သူမယောင်ယမ်းလို့ပင် မတွေးခဲ့မိ ဘူးချေ။

ပြီးတော့ သူတို့လေသံကိုနားထောင်ရတာ ငွေပိုးက သူ့အပေါ် ခပ်နိုင်နိုင်ဆိုတာ သိသာနေပါသည်။

ဖက်ရှင်ရှိုးပွဲလျှောက်တဲ့ ချစ်သူနောက်ကို တကောက်ကောက်နှင့် စိတ်ရှည်ရှည်လိုက်စောင့်ရှောက် တယ်ဆိုတာ သူ ဘယ်လောက်သဘောထားနူးညံ့ထားသလဲ။

ဒါမျိုးတွေကို အနစ်နာခံတတ်တဲ့ ယောကျာ်းမျိုးကသာ လုပ်နိုင်မှာ ... သဘောထားမကြီး၊ သေးသိမ် တဲ့ယောကျာ်းမျိုးဆို လုပ်နိုင်ပ့ါမလား။

သေချာတာကတော့ သူ့မှာ နားလည်ပေးမှု ရှိသည်။

ကိုယ့်အတ္တကို အထိုက်အလျောက်လျော့ချနိုင်သူ တစ်ယောက်လည်းဖြစ်မယ်ဟု တုံတုံက ခန့်မှန်း သည်။ အရည်အချင်းနှင့် စိတ်ဓါတ်အကြောင်းက ထားပါဦးလေ။

အရေးကြီးတာက သူ့ရုပ် ... (အင်း ... အဲဒီ ရုပ်ရည်ကြောင့် ဟုတ်ချင်မှ ဟုတ်မှာပါ)၊ သူ့ပုံစံကို တုံတုံ ရင်ထဲ တသိမ့်သိမ့်သဘောကျနှစ်ခြိုက်မိတာပါပဲ။

တကယ်တော့ သူက သူများရည်းစား ...

ငွေပိုးလွှာရဲ့ လူကြီး ...

ဒါဖြင့် ငါဟာ သူ့ကို တမြတ်တနိုးလေးတောင် ငေးမောကြည့်ခွင့်မရှိဘူးပေ့ါ။ ဒီမှာပဲတွေ့ ... ဒီမှာပဲ လျစ်လျူရှုမေ့ပစ်လိုက်ရမယ်ပေ့ါ။

စိန်လည်တုံရဲ့ နှလုံးသားမှ နှမြောဝမ်းနည်းခြင်းနှင့် လှိုက်နင့်လာသည်။

အို … တုံတုံ ကံခေလှပုံများက ဖျပ်ခနဲ ရင်ခုန်ရသူ တစ်ယောက်ကို နံဘေးမှ ချစ်သူပါလျက်သား နှင့် စုံတွဲတွေ့စေဆိုတဲ့ ကံမျိုး…

တုံတုံသည် ပထမဆုံး သူမရဲ့ကံအကျိုးပေးကို လန့်သွားမိသည်။

မျက်ဝန်းထောင့်ကနေ သူ့ကို ဖျတ်ခနဲ ဖျတ်ခနဲ ခိုးကြည့်မိတဲ့အကြည့်တွေကိုလည်း မရပ်သိမ်းနိုင်။

မြားသည် ချောကလက်မစ်ရှိတ်ကို ပိုက်တံမှတဆင့်စုပ်ယူရင်း တုံတုံ့အကြည့်ခိုးလေးကို သတိပြု မိသည်။

ဘေးဘီကို ထည့်တွက်ဖို့မေ့လျော့နေတဲ့ တုံတုံ့အကြည့်ထဲမှာ ချိုမြိန်နှစ်လိုခြင်းတွေနှင့် အရည်လဲ့ ရွှန်းတောက်နေပုံကို သူမ အံ့အားသင့်မိသည်။ စွဲထံ မသိမသာ မျက်စပစ်ပြမိသည်။

ခရမ်းစွဲက ခေါင်းညိတ်သည်။ သူလည်း ရိပ်မိတာပေါ့။ မြားတို့ သူငယ်ချင်းသုံးယောက်က အကြောင်းသိဆိုတော့ တုံတုံ့အမူအယာကို မြင်တာနှင့်အလိုလိုသိသည်။

နူးနူးညံ့ညံ့၊ လူပ်လူပ်ရှားရှားလေး …

ဟွန်း … ငွေပိုး လူကြီးကိုမှဟု မြားစိတ်ထဲက အတော်မခံမရပ် ဖြစ်သည်။

ပွင့်ပွင့်လင်းလင်း တားမြစ်လိုက်ချင်စိတ်တောင် ပေါက်၏ ။

ဒါပေမယ့် တစ်ဖက်က စုံတွဲနှင့်က သိပ်ကပ်နေသည်။

တီးတိုး ဖွဖွလေးပြောမှ ဖြစ်မှာ …

ဒါတောင် သူတို့နားစိုက်ထောင်နေရင် ကြားနိုင်သေးသည်။

စွဲနှင့်သာ မျက်လုံးချင်း အချက်ပြစကားပြောနေမိသည်။

တုံတုံကတော့ အကြည့်ငေး … အတွေးငေးလေးနှင့် ငြိမ်သက်နေပါသည်။ မျက်နှာမှုန်တည်တည် လေးနှင့် တစ်ခုခုကိုလည်း တွေးတောနေပုံရသည်။

"ကိုကိုး"

"ဟင်"

ငွေပိုးရဲ့ကိုကိုခေါ်သံက တစ်ခါတစ်ခါ "ကိုကိုး"တောင် ဖြစ်လိုက်သေး၏။ ချွဲပစ်ပစ်အသံကြီးက မုန်းစရာ။

"ညနေ ငါးနာရီလောက် လာပြန်ကြိုပေးနော်"

"အေးပါဟာ"

တုံတုံသည် သူ့အသံလေးကို တစ်ခွန်းကြားရ ကြားရ၊ နှစ်ခွန်းကြားရ ကြားရ ကြားမဝအောင် နှစ်နှစ် သက်သက်နားစွင့်ထားမိသည်။

သူ့စကားသံကလည်း တုံတုံ့နှလုံးသားကို လူးလူးလွန့်လွန့် အရည်ပျော်စေတဲ့ အသံမျိုးလို့ဆိုရင် ပိုရာသည်းရာများ ကျမလား…

ဒါပေမယ့် တစ်သက်မှာတစ်ခါ တုံတုံ့နားထဲ စိမ့်ခနဲကြည်နူးလိုက်ဖို့ရစေတဲ့ အသံသြချိုချိုရယ်ပါ။ တစ်ခွန်းကြားရတိုင်း နှလုံးသားမှာ ထူးထူးခြားခြား နွေးကနဲ နွေးကနဲ ဖြစ်ရတာ ။

ဒါဟာ ဘာကြောင့်လည်း တုံတုံမစဉ်းစားတတ်။

"ကိုကို … ငွေ မေ့တော့မလို့၊ ကြည့်စမ်း၊ ကိုကို တစ်ခေါက်ပြန်လာရင် ဖိနပ်အပါးတစ်ရံ ထည့်ခဲ့ပေး နော်၊ ဒီဖိနပ်ကြီးကို အကြာကြီးမစီးနိုင်တော့ဘူး … သိလား"

"အေး … ထည့်ခဲ့မယ်"

“မလုံးကို ကြွပ်ကြွပ်အိတ်နဲ့ ထည့်ခိုင်းထားပြီးသား၊ အနီရောင်ကွင်းထိုလေး ... သိလား”

“အင်း ... အင်း”

“မမေ့နဲ့ဦး”

“အေးပါကွာ ... သိပါပြီ”

ခန့်ညားမော်အသံက အနည်းငယ်တော့ စိတ်မရှည်သံပေါက်သွားသည်။

တုံတုံမှာ ကြားထဲက သူ့ကိုအားတွေနာနေမိသည်။

ငွေပိုးလွှာတစ်ယောက်ဟာ သူ့ကိုလက်တိုလက်တောင်းအိမ်ကဖိနပ်တောင် သယ်ခိုင်းနေပုံ ထောက်ရင် တော်တော်ရင်းနှီးပြီးတော်တော်နိုင်စားတာတော့ သေချာသည်။

သူတို့ဟာ အိမ်ဝင်ထွက်ခွင့်ရနေပြီဖြစ်တဲ့ စေ့စပ်ပြီးသားချစ်သူတွေလား။

ငွေပိုး ဘယ်အချိန်က စေ့စပ်ထားလိုက်တာလဲ။

မြားရော ဒါတွေသိသလား။ သိပုံတော့ မရပါ။ တုံတုံတို့သုံးယောက်သားဟာ ငြိမ်သက်တိတ်ဆိတ် ပြီးကိုယ်စီအတွေးများနှင့်ရှုပ်ယှက်ခတ်နေကြသည်။

ဟိုဖက်စားပွဲက နှစ်ယောက်ကတော့ မြန်မြန်အအေးသောက်ပြီးတာနှင့်ထထွက်သွားကြပါသည်။

ခန့်ညားမော်က မတ်တပ်ရပ်ပြီးတဲ့အထိ စားပွဲနားကမခွဲချင်သေးဘဲဟိုကောင်မလေးကို အကြည့် နှင့် နှုတ်ဆက်နေမိသည်။

ကောင်မလေးကလည်း သူ့ကို မော့ကြည့်သည်။

သို့သော် အနည်းငယ် ကြွေဆည် ဟန်ဆောင်လိုက်ပြီဖြစ်သော ငြိမ်သက်အေးစက်တဲ့ မျက်ဝန်းလေးတွေ ဖြစ်သွားပြီ။

"ကိုကို ... မြန်မြန်လာလေ"

ငွေပိုး ကဖျက်ကပျက်မလေးကွာ။

စကားပြောခွင့်မသာပေမယ့် ခန့်ညားမော်က နောက်ထပ်တစ်ချက် လှည့်ကြည့်ခဲ့ပါသည်။

သူတို့ စကားပြောခွင့်မသာပေမယ့် ခန့်ညားမော်က နောက်ထပ်တစ်ချက် လှည့်ကြည့်ခဲ့ပါသည်။

သူတို့ ကော်ဖီစနက် အပြင်ရောက်တာနှင့် မြားက မဲ့ရွဲ့ပြီး ...

ငွေပိုးဘဲက ဘာလိုဖြစ်တာလဲ

"အေးလေ... ငမ်းကြောထူလိုက်တာ။ ဘေးမှာ ဒီလောက်အချောအလှလေးပါတာတောင် ထပ်ကြောင်ချင်သေးတယ်"

ခရမ်းစွဲကလည်း ထောပနာပြု၏ ။

တုံတုံက အသံတိုးလေးဖြင့် ...

"ဒီလိုမပြောပါနဲ့ဟယ်... ဒီအတိုင်း ရိုးရိုးကြည့်တာပါ"

"နေစမ်းပါဦး နင်ကရော ဘာဖြစ်တာလဲ"

"ဟင် ... ငါဘာဖြစ်လို့လဲ"

သူငယ်ချင်းနှစ်ယောက်ရဲ့ ငါသိပါတယ်ဆိုတဲ့ မျက်စောင်းတွေကြောင့် တုံတုံလန့်တော့လန့်သွား သည်။

"ငါတို့ မသိဘူးမှတ်နေလား"

"ဘာကိုလဲ"

"မိန်းမ နည်းနည်းကလွန်ဆည်ဦး ... ဟွန်း"

တုံတုံ မျက်နှာလေး နီရဲသွားသည်။

"ငါက ချောလို့ ကြည့်မိတာပါ"

ရှက်ကိုးရှက်ကန်း ဖြေရှင်းမိ၏ ။

"ဘာမှ မချောဘူး၊ လုပ်မနေနဲ့၊ ငွေပိုးလူကြီးဆိုတော့ မြင်မြင်ချင်းပဲ အမြင်ကပ်တယ်။ ပြီးတော့ ဒီလူကြီး အကျင့်မကောင်းတာ လက်တွေ့ပဲ၊ ဘေးမှာ ရည်းစားပါရဲ့သားနဲ့ နင့်ကို မျက်လုံးကျွတ်မတတ် ငမ်း နေတာ၊ ငါတောင် ဘာကြောင်တာလဲလို့ ပိတ်ပြောလိုက်ချင်တာ"

"မဟုတ်ပါဘူး"

"ဘာ မဟုတ်တာလဲ၊ ပေါ်တင်ကြီးကို..."

သူတို့ရဲ့ စကားနာထိုးမှုတွေကြောင့် တုံတုံမျက်နှာလေး ပျက်သထက် ပျက်လာမိသည်။

ဟိုအစ်ကိုကြီးကို သူငယ်ချင်းတွေ အထင်မသေးစေချင်။ အပြစ်မမြင်စေချင်ပါ။

ကြည့်ရုံလေး ကြည့်မိတာဟာ ကြီးမားတဲ့အပြစ်တစ်ခုလို့လည်း မဆိုနိုင်ပါဘူး။

"မြား ... နင့်ငွေပိုးတော့ တော်တော်လေး မခံချိမခံသာ ဖြစ်သွားမှာပဲ၊ သူ့လူမျက်လုံးတွေ ဘယ်ကို ရောက်နေလဲ သူလည်း ရိပ်မိမှာပေ့ါ"

ခရမ်းစွဲရဲ့ ထိုစကားဟာ ပတ္တမြားညိုရဲ့ မှုန်ကုပ်နေတဲ့မျက်နှာထားကို ရုတ်ချည်းပြောင်းလဲသွားစေ သည်။ မမှုန်မကုပ်တဲ့အပြင် ကျေနပ်သဘောကျတဲ့

အရိပ်အယောင်လေးပင် ထင်ဟပ်လာသည်။

“အေး … ဟုတ်တယ်၊ အခုလောက်ဆို သူ့လူကြီးကို တကျိတကျိနဲ့ ရန်လုပ်နေလောက်ပြီ… ဟိ ..ဟိ”

မြားဆီက ရယ်သံပင် တဟိဟိ ထွက်လာ၏ ။ ထိုအချိန်မှာပင် သူမခေါင်းထဲ အကြံအစည် စိတ်ကူးသစ်တွေလည်း ပေါ်လာခဲ့သည်။

နိုင်ကွက်တစ်ကွက်တော့ တွေ့ပြီ…

ကိုယ့်ရည်းစားနဲ့ပတ်သက်ရင် ဘယ်သူမဆို သည်းသည်းလှုပ်နိုင်တာပဲလေ။

ငွေပိုးဆိုတဲ့ မိန်းမ တစ်ခါလောက်ဖြစ်ဖြစ် အထိနာအောင် ကလိပေးရမည်။

သူ့ရည်းစားကို မထိခလုတ် ထိခလုတ် ဇာတ်လမ်းသွားလုပ်ရင် သူ ခုန်စွခုန်စွ ပေါက်ကွဲလာမှာ သေချာသည်။

ငွေပိုးလွှာရဲ့ ပင့်ချီမော်ကြွားနေတဲ့ မျက်နှာထားကို မြားက နည်းနည်းဖြစ်ဖြစ် ပညာပေးချင်နေတာ ကြာပြီ။

အခြေအနေက အခွင့်မသာသေးလို့ ဘာမှမလုပ်ဖြစ်သေးတာ။

အခုတော့ မထင်မှတ်ဘဲ အခြေအနေတစ်ခုက ပေးလာခဲ့ပြီ။

ငွေပိုးစိတ်တွေ စနိုးစနောင့်အနေမဖြောင့်အောင် သိပ်လုပ်ချင်သည်။

တုံတုံ … နင်သာ သူ့လူကြီးကိုအီလိုက်ရင် သူတော့ ပက်လက်လန် ရင်ကျိုးပြီပဲ”

မြားရဲ့စကားကြောင့် တုံ့တုံ့နှလုံးသားက ဖျပ်ခနဲတုန်ခါသွားရသည်။

သူတို့ရဲ့ ရည်ရွယ်ချက်ကို တုံတုံ သိသွားပြီလေ။

“မဟုတ်တာဘဲ … ငါ အဲဒီ လို မလုပ်ချင်ပါဘူး”

အကြောက်အကန်လေး ငြင်းဆန်မိ၏ ။

သူ့အပေါ် ရုတ်တရက် ခံစားလိုက်မိတဲ့ အဖြစ်အပျက်ဟာ အရိုးသားဆုံး … အသန့်ရှင်းဆုံး ခံစားချက်ပါ။

သူတို့ ချစ်ခရီးကို အဟန့်အတား အနှောင့်အယှက်ပေးဖို့ အကြံအစည် တစ်စက်ကလေးမှ မပါ။

တုံတုံ့နှလုံးသားလေးက အမှတ်တမဲ့လှုပ်ရှားသွားရုံပါ။

တခြား ဘာသဘောမှ မပါ။

သူများချစ်သူကို လုယူဇာတ်လမ်းရှာဖို့ ဒီလောက်ထိသေးသိမ်ဖို့ဆိုတာ မဖြစ်နိုင်။ မြားစကားကို ကြားရတာ ပင် မထိတ်သာ မလန့်သာကြီးပါ။

“ငါတို့ကလည်း နင့်ကို တကယ်အတည်ကြိုက်လို့ ပြောတာမဟုတ်ပါဘူး။ လိုအပ်ရင် နည်းနည်းပါး ပါး ကလိလို့ရတာ ပေ့ါ၊ ငွေပိုး ဆတ်ဆတ်ခါသွားအောင်”

“ဟင့်အင်း… ငါမလုပ်ချင်ပါဘူး”

“နင် မလုပ်ချင်ပေမယ့် ငါလုပ်ချင်တယ်၊ ဒါ အခွင့်အရေးတစ်ခုပဲ”

“မကောင်းပါဘူး မြားရယ်”

“ဒီစိတ်ကူးကို ငါကစပြီးရတာ မဟုတ်ဘူးလေ၊ ဟိုလူကြီးကိုက ကျီးကန်းတောင်မှောက် အသည်း အသန်ဖြစ်သွားတာ၊ မတွေ့ဘူးလား”

“အဲဒါဆို နင့်ဘာသာနင် ကြိုက်တာလုပ်ပေ့ါ မြားရဲ့၊ ငါ့ကိုတော့ ဆွဲမထည့်နဲ့”

“ဟဲ့ … ဟိုက မျက်စိကျတာ နင့်ကိုမို့လို့ပေ့ါ တုံတုံရဲ့”

တုံတုံက ခေါင်းယမ်းလိုက်လေသည်။

သူ တုံတုံ့ကို မျက်စိကျသွားတယ်ဆိုတဲ့ မြားအပြောလေးကတော့ ကြည်နူးရင်ခုန်စရာ ကောင်းလှ သည်။ သို့သော် နောက်ဆက်တွဲကိစ္စတွေ ဆက်စဉ်းစားလိုက်ပြန်တော့ ဖီလင်မလာ။

မျက်စိကျလည်းပဲ ရှင့်ဖက်မှာ လှုပ်မရ ရုန်းမရတဲ့အခြေအနေ၊ အနှောင်အဖွဲ့တွေနဲ့ မဟုတ်လား ရှင်ရယ်။

ရှင့်ရဲ့အကြည့်ငေးတွေကို တုံတုံ မေ့လိုက်ပါရစေတော့။

တကယ်တော့ အားလုံးက ကိုယ့်ဘဝနဲ့ကိုယ်ပါ။

ရှင့်ကို တစ်ယောက်တည်းသာ တွေ့ခဲ့ရရင်တော့ တုံတုံလည်းစိတ်လှုပ်ရှားပြီး မျှော်လင့်မိဦးမှာပါ။

အခုတော့ မျှော်လင့်ချက်က မစခင်ပဲ ပြီးနှယ့်တယ်။

ထားပါတော့ ... တုံတုံရဲ့ကံပါ။

ခရီးသွားဟန်လွှဲ အမှတ်တမဲ့ ကြုံတုန်းကြိုက်တဲ့ အဖြစ်အပျက်ဆိုတာ တော်ကြာမေ့သွားမှာပဲ။ ဒါပေမယ့် ရှင်တစ်ခွန်းမှ ပြောမသွားတဲ့ စကားတစ်ခုကို တုံတုံ့နှလုံးသားနဲ့ ဆတ်ဆတ်ကြားခဲ့ရတယ် သိလား။ လှိုက်ခနဲ နေအောင် အမှတ်တမဲ့ ပျော်ခွင့်ရလိုက်တယ်။ ဒါပေမယ့် ဆက်မပျော်နိုင်ဘူး။ လျှပ်တပြက် အပျော်ကလေးတစ်ခုပါ။

ဆက်တွေးလိုက်ရင်တော့ ပျော်စရာ ကျေနပ်စရာ ဘာမှမရှိတဲ့အပြင် ဝမ်းနည်းနှမြောနာကျင်ခြင်းပဲ ရင်မှာကျန်ရစ်ခဲ့တယ်။

ပြီးတော့ ကျန်ရစ်ခဲ့တာ တစ်ခုက ရှင့်ရဲ့အကြည့်လေးတစ်ချက်ပါ။

စွဲစွဲမြဲမြဲ နှလုံးသားထိ ဝင်ရောက်ခဲ့တယ်ဆိုတာ တိတ်တိတ်ကလေးပဲ ဝန်ခံပါရစေတော့။

*

# အခန်း (၂)

စိန်လည်တုံက ဆိုဖာခုံပေါ် ခြေထောက်ကလေး နှစ်ဖက်စုပြီး တင်ထိုင်ရင်း လက်ထဲ ပန်းကန်ပြား ကိုင်ကာ ပန်းကန်ပြားထဲက ပေါင်မုန့်ကို အသာအယာကိုင်၍ ကိုက်ဝါးစားနေသည်။ ပေါင်မုန့်ချပ်ရဲ့အလယ် မှာ တူနာငါးသေတ္တာနှင့် ချိစ်အပြားလေး ညှပ်ထားသဖြင့် အရသာက ကောင်းမွန်ပြီး မွှေးပျံ့နေသည်။

ခရမ်းစွဲနှင့် ပတ္တမြားက တီဗီကလာတဲ့ အမ်တီဗီအစီအစဉ်တစ်ခုကို ကြည့်ရှုရင်း ချဉ်စပ်လက်ဖက် သုပ်ကို တရှူးရှူးတရှဲရှဲနှင့် တစ်ဇွန်းပြီးတစ်ဇွန်း အားပါးတရခပ်စားနေကြသည်။

အချိန်က ညကိုးနာရီကျော်ပြီဖြစ်သည်။

အပြင်မှာ လရောင်လေးက မလင်းတလင်းဖြာနေ၏ ။

အိမ်မှာ တောက်တိုမယ်ရလုပ်ဖို့ခေါ်ထားတဲ့ ငြိမ်းငြိမ်းကတော့ မီးဖိုခန်းရဲ့အထပ်ခိုးပေါ်မှာ အိပ်ပျော် နေပြီဖြစ်သည်။

ဧည့်ခန်းမှာ တော်တော်နှင့်အိပ်ရာမဝင်ဘဲ စားလိုက်သောက်လိုက် တီဗီကြည့်လိုက်နှင့် ဆူညံစွာ စကားပြောနေကြတာကတော့ သူတို့သုံးယောက်ပါပဲ။

သူတို့သည် ကလေးလိုပင် စားမယ်၊ သောက်မယ်၊ အပြင်ထွက်လည်ပတ်မယ်၊ သီချင်းဆိုမယ်၊ ရှော့ပင်ထွက်မယ်၊ အမေ အဖေတွေဆီ ဖုန်းဆက်ပြီး မုန့်ဖိုးတောင်းမယ်။ စာအုပ်ဖတ်မယ်။ ဒီလောက်နှင့်သာ ပြီးနေပြီ၊ အခုထက်ထိ ရည်းစားမရှိသေးသော အပျိုစင်အဖြူထည်လေးတွေသာ ဖြစ်ကြသည်။

အချင်းချင်းလည်း ရည်းစားမထားကြေးဟု ကတိပြုထားကြသည်။ တစ်ယောက်ယောက် ရည်းစား ရသွားမှာကိုလည်း ကျန်နှစ်ယောက်က အမြဲကြောက်သည်။

ဘာကြောင့်လဲဆိုရင် ရည်းစားရှိတဲ့ မိန်းကလေးနှင့် ရည်းစားမရှိသေးတဲ့ မိန်းကလေးက ဘယ်လိုမှ မတူနိုင်ပါ။ ရည်းစားရပြီဆိုတာနှင့် သူငယ်ချင်းဆိုတာက အလိုလိုဒုတိယနေရာ ရောက်သွားလိမ့်မည်။

ကိုယ်က သူ့ကိုပထမနေရာမှာထားပြီး အလေးအနက် ခင်မင်ရင်းနှီးမှုထားတဲ့အချိန်မှာ သူက ကိုယ့်ကို ဒုတိယနေရာပို့ပြီး သာမန်လောက်သဘောထားလိုက်မှာကို မလိုလားပါ။

ကောင်လေးတစ်ယောက်ကို ချစ်မိပြီဆိုတာနှင့် နောက်ဆက်တွဲကိစ္စတွေက အများကြီးရှိလာမှာ လေး။

"တုံတုံ ... နင်ဘာတွေ စဉ်းစားနေတာလဲ"

"ဟင့်အင်း ... မစဉ်းစားပါဘူး"

တုံတုံက ပေါင်မုန့်စားလိုက်၊ စားပွဲပေါ်က နက်စ်ကော်ဖီမတ်ခွက်ကို ကောက်ကိုင်မော့သောက်လိုက် နှင့် အေးအေးဆေးဆေးပဲ ပြန်ဖြေသည်။

"ငါတို့ပြောတာ ဘယ်လိုသဘောရလဲ"

"ဘယ်လိုမှ သဘောမရဘူး၊ နင်တို့ပဲ အစကပြောတော့ ဘယ်သူမှ ရည်းစား စမထားကြေးဆို၊ အခွေကိစ္စလုပ်ပြီးမှ၊ တစ်ခွေလောက်ပေါက်ပြီးမှ အဲဒီ ကိစ္စတွေ စဉ်းစားမှဆို၊ နင်တို့ပဲ အမြဲတမ်း ထပ်တလဲလဲ ပြောနေပြီး"

"အေးလေ ... အခုလည်း နင့်ကို ရည်းစားထားပါတော့လို့ ပြောနေတာမှ မဟုတ်တာ၊ နည်းနည်း ပါးပါး အီဆီကလီလေး လုပ်ပြီး ဟိုမိန်းမကို ကလိကလိဖြစ်အောင် လုပ်ချင်တာ သက်သက်ပါနော်"

"ဟုတ်ပ့ါ ... သူက အတည်ပေါက်နဲ့"

ငါက ချစ်မိရင် တကယ်အရမ်းချစ်သွားမှာ

တုံတုံက မျက်စိလေးမှိတ်ပြီး ပုခုံးကိုကျုံ့ကာ

သူတို့အမြင်ကပ်အသည်းယားအောင် အမူအယာပါ လုပ်ပြလိုက်သည်။

"အံ့မယ် ... လာသေးတယ်၊ ရုပ်ကိုက..."

"တကယ် ချစ်စရာတော့ မလိုပါဘူး၊ ဟန်ဆောင်ပန်ဆောင်လေး ပဲများရုံပဲလုပ်"

"မလုပ်တတ်ပါဘူး"

"ဒါလား မလုပ်တတ်တာ၊ ဟိုနေ့က ကော်ဖီစနက်မှာ သူပဲ ပြန်ရှိုးနေပြီး"

"ရှိုးတာ မဟုတ်ပါဘူး၊ သူ့ပုံစံလေးက ခင်စရာလေးမို့လို့ မျက်လုံးတွေကလည်း တည်တည်ငြိမ်ငြိမ် နဲ့ နွေးထွေးနေလို့"

"တော်ပါပြီ ... စာမဖွဲ့နဲ့တော့၊ နားညည်းတယ်"

"မဖွဲ့ပါဘူး၊ ငါက မေ့တောင် မေ့နေပြီ၊ နင်တို့က ခဏခဏ ပြန်အစဖော်နေတာ"

"ငွေပိုးကို ပညာပေးချင်လို့ပါ"

"သူက ပညာပေးဖို့မှ မလိုတာ"

"သူ့လူကြီးနာမည် ငါသိလာပြီ၊ မနေ့က သန္တာနဲ့ဖုန်းပြောဖြစ်လို့ မေးလိုက်တာ"

ခရမ်းစွဲစကားကြောင့် တုံတုံက ဆိုဖာပေါ်မှီထားရာကနေ ခေါင်းထောင်လာသည်။

သူ့နာမည်သာမက သူ့အကြောင်းတွေ အကုန်လုံး ဖြစ်နိုင်သလောက် သိချင်မိသည်။ ဘယ်အခြေ အနေမှာပဲဖြစ်ဖြစ် ရင်ထဲက စိတ်ဝင်တစားသိလိုမှုကိုတော့ မထိန်းချုပ်နိုင်ပါ။ သူနှင့်ပတ်သက်သမျှ ဘာသတင်းအစအနလေးပဲဖြစ်ဖြစ် တုံတုံ နားထောင်ချင်သည်။ အရမ်းသိချင်သည်။

"သူ့နာမည်က ခန့်ညားမှော်တဲ့"

"ခန့်ညားမှော်"

တုံတုံက ခပ်ဖွဖွ ရေရွတ်ကြည့်သည်။

"ဟုတ်တယ် ... သူများတွေက မှော်လို့ခေါ်တယ်တဲ့၊ သူ စက်ာပူက ပြန်ရောက်တာ ရက်ပိုင်းပဲ ရှိသေးတယ်လို့ ပြောတယ်။ အဲဒါကြောင့် ငွေပိုးနားမှာ အရင်က မမြင်ဘူးတာပေါ့"

"သူ့ကို ဆွဲဆောင်ဖို့ သိပ်မခက်ပါဘူး၊ သူက အစကတည်းက ဟိုကြည့်ဒီကြည့် ဟိုရောက်ဒီရောက်ပဲ ဖြစ်ပုံရတယ်"

တုံတုံက မသိမသာ မျက်မှောင်ကုပ်မိသည်။

မြားရဲ့စကားကို သိပ်လက်မခံချင် ...

ဟိုရောက် ဒီရောက်ကိစ္စကို တုံတုံမသိပေမယ့် ဟိုကြည့်ဒီကြည့်ဆိုတဲ့စကားကတော့ လုံးဝမမှန်။

အဲဒီ နေ့က သူဟာ တုံတုံတစ်ယောက်တည်းကိုပဲ သတိလက်လွတ်စိုက်ကြည့်မိသွားတဲ့ ဖြစ်ရပ်ကလေးကို သူတို့လည်းအမြင်ပါ။ သုံးယောက်ကို တစ်လှည့်စီ သူကြည့်ခဲ့တာ မဟုတ်။ အကဲခတ်တာ လည်းမဟုတ်။ တကယ်ကို အမှတ်တမဲ့ဆန်တဲ့ သူ့အပြုအမူ၊ သူ့မျက်ဝန်းတွေကို နှလုံးသားကသက်သေ ထားခဲ့တာပဲ။

သူငယ်ချင်းတွေရဲ့ အထင်သေးစကားဟာ တစ်ခွန်းကြားရတိုင်း တစ်ခွန်းလာထိသည်။

သူဟာ မြားတို့ထင်နေသလို လူစားတစ်ယောက်တော့ မဟုတ်တန်ပါဘူး။

"ဘာပဲဖြစ်ဖြစ် သူ့ဆီ ဖုန်းဆက်ကြည့်ပါလား တုံတုံ"

မြားရဲ့စကားကြောင့် တုံတုံ့ရင်ထဲ ဒုတ်ခနဲမြည်အောင် လန့်ဖျပ်တုန်ယင်သွားသည်။

"သူ အခုတလောကိုင်ထားတဲ့ ဟန်းဖုန်းနံပါတ်လည်း ရလာတယ်"

ပတ္တမြားသည် အစီအစဉ်နှင့် အကြံအစည်နှင့် ဖြစ်ပုံရသည်။

သူတို့သည် တုံတုံ့ကို ဘာမှအသိမပေးဘဲ ခန့်ညားမော်အကြောင်းကို ကြိတ်စုံစမ်းကာ ဖုန်းနံပါတ် ရအောင် ကြိုးပမ်းအားထုတ်လာတယ်ဆိုတာ နည်းနည်းနောနော ရည်ရွယ်ချက်ကြီးမဟုတ်ပါ။

"နင်လည်း သူ့ဆီဆက်ကြည့်ချင်တယ် မဟုတ်လား တုံတုံ"

"မဆက်ချင်ပါဘူး ... မိန်းကလေးဖြစ်ပြီး ငါက ဘာလို့ လျှောက်ဆက်ရမှာလဲ"

ရင်ထဲက ဆန္ဒနှင့် ဆန့်ကျင်စွာခပ်မြန်မြန် ငြင်းကွယ်မိသည်။ တကယ်တော့ တုံတုံ့စိတ်ထဲ သူနှင့် တစ်ခေါက်လောက်ဖြစ်ဖြစ် စကားပြောကြည့်ခွင့်ရချင်တာအမှန်ပါ။

ဒါပေမယ့် မသင့်တော်ဘူးဆိုတဲ့ အသိနဲ့ ထိုကိစ္စကို ဘယ်လိုမှအကောင်အထည်ဖော်ဖြစ်မှာ မဟုတ်ပါ။ ကိုယ် အကောင်အထည်ဖော်ဖြစ်မှာ မဟုတ်တဲ့ကိစ္စကိုမှ သူတို့က အတင်းဆွဲထုတ်လာကြသည်။

"ဒါပေမယ့် နင် ငါတို့ရှေ့မှာပဲ ပြောနော်၊ တစ်ယောက်တည်းကြိတ်တော့ မလုပ်နဲ့၊ ပြီးတော့ နင့်ရင်ထဲ နင့်ခေါင်းထဲမှာ သူ့ကိုထည့်ဖို့လည်း မစဉ်းစားနဲ့၊ ဒါကို ဂိမ်းတစ်ခုလို့ပဲ သဘောထား၊ ဂိမ်းမှာနိုင်ရင် ပျော်တယ်၊ ဒီလောက်ပဲ"

"ငါ ဖုန်းဆက်ရုံလေးနဲ့ ငွေပိုးကဘာဖြစ်မှာလို့လဲ၊ သူမပြောရင် သိမှာတောင်မဟုတ်ဘူး"

“အဲဒါ နင် မစဉ်းစားပါနဲ့ဦး တုံတုံရာ၊ နောက်ပိုင်း ဘာဆက်ဆင်းမလဲဆိုတာ စောင့်ကြည့်လိုက်”

“သြော် … ငါက နင်တို့လက်ထဲ ပုံအပ်ရမယ်ပေါ့၊ နင်တို့နှစ်ယောက်က ဒါရိုက်တာပေါ့”

“ဒီလောက်ထိ လေးလေးနက်နက်ကြီး မတွေးနဲ့လေ၊ နင်က မင်းသမီးမဟုတ်သလို၊ သူကလည်း နင့်ရဲ့မင်းသားမဖြစ်နိုင်ပါဘူးဟာ”

“ဘာမှ မဟုတ်ပဲနဲ့တော့ ဘာမှသွားမစတာ ပိုကောင်းပါတယ်မြားရယ်၊ စိတ်လျှော့လိုက်ပါ”

“ဟင့်အင်း … ငွေပိုးကိုတစ်ခါလောက် ဆတ်ဆတ်ခါတာမြင်ဖူးချင်တယ်၊ သူ့ရည်းစားကြီးနဲ့ ပတ်သက်ရင် သူ ဖျပ်ဖျပ်လူးမှာပဲ၊ ရည်းစားများ လုသွားမလား ဘယ်သူမဆို ကြောက်တာပဲလေ”

“ဟင့်အင်း … ငါ ငွေပိုးဆီက မလုဘူး”

“အေးလေ … တကယ်ကတော့ မလုဘူးပေါ့”

“ငါ့ကြောင့် သူတို့ကြားမှာ ပြဿနာလည်း မဖြစ်စေချင်ဘူး”

“ဒါတော့ မရဘူး၊ ငါက အဲဒါကိုပဲ ဖြစ်စေချင်တာ”

မြားက ဇွတ်တရွတ်ပင် ထပ်ပြောသည်။

“နင်က ဒီလောက်ကလေးတောင် ငါ့ကို မကူညီချင်ဘူးလား၊ တစ်သက်မှာ တစ်ကြိမ်လောက်တော့ ငွေပိုးကို ငါနိုင်ချင်သေးတယ်ဟဲ့”

“ပြောမရဘူး တုံတုံရေ၊ အဲဒီ မြားက ရောဂါတော်တော်ရင့်နေတာ”

“အလကား … သူများ ပျက်စီးရာပျက်စီးကြောင်း လျှောက်ပို့နေတာ”

တုံတုံက မြားကို မျက်စောင်းရွယ်သည်။

မနေ့က တစ်ချိန်လုံးဒီကိစ္စပဲ တကျိကျိတိုက်တွန်းနေတာ။ အဲဒီ မြားက ခရမ်းစွဲကိုလည်း သူ့ဖက် မပါပါအောင် သိမ်းသွင်းနားချထားသည်။

တုံတုံက ခုကိစ္စမှာ နှစ်မဲတစ်မဲဖြင့်အလိုလိုရှုံးနေရသည်။ နဂိုကလည်း ဟိုလူ့ကြီးနှင့် ပတ်သက်ရင် စိတ်တွေက ခပ်ယိုင်ယိုင်ရယ် ...

ကြာကြာ တင်းခံ ငြင်းပယ်နိုင်မလားဆိုတာ တုံတုံကိုယ့်ဘာသာ မသေချာလှ။ စိတ်တွေက ဇဝေဇဝါ နှင့် တွေတွေဝေဝေတော့ ဖြစ်လာသည်။

ဒီလိုနှင့် ငြင်းကြ ခုန်ကြ၊ ဆွေးနွေးတိုင်ပင်ကြနှင့် ညဆယ်နာရီခန့်မှာတော့ ဖုန်းခေါ်ကြည့်ကြဖို့ ဆုံးဖြတ်သည်။

“စပီကာ ဖွင့်ထားမယ်”

“မဖွင့်ပါနဲ့၊ သူ့ဖက်မှာ ပွဲတင်သံကြီးလိုက်နေရင် သူရိပ်မိသွားလိမ့်မယ်”

“ရိပ်မိတာ ဘာဖြစ်လဲ”

“တစ်ယောက်ယောက်နောက်နေတာလို့ သူထင်သွားမှာပေါ့၊ ငါ့ဘာသာ အေးအေးဆေးဆေးပဲ ပြောပါရစေ”

“နင်က ငါတို့ကို အမှန်အတိုင်း ပြန်ပြောမှာလား၊ မရဘူး၊ ဒီဖတ်စ်တိုင်းမ်မှာတော့ စပီကာဖွင့်မှာပဲ”

တုံတုံလည်း မျက်ခုံးလေးရှုံ့ကာ ဟိုလျှောက်ဒီလျှောက်နှင့် ရင်တွေ တဖျပ်ဖျပ်ခုန်လာကာ လက်ဖျား ခြေဖျားတွေပါ အလိုလိုအေးစက်စေးထန်းလာသည်။

တစ်စုံတစ်ယောက်နှင့် စကားပြောဖို့ သူမဘာကြောင့်ဒီလောက်ထိ ကြောက်စိတ်ဝင်နေရတာ လဲ။

သူ့အသံကို ကြားရတော့မှာပဲဆိုတဲ့အတွေးနှင့် ရင်ထဲ ဗရမ်းဗတာ တုန်ခါနေပြီ။

ခန့်ညားမော်က အိပ်ရာပေါ်မှာ လှဲလျက် ဒူးချိတ်ထားပြီး ဖွင့်ထားတဲ့ စီဒီတေးသွားလေးအတိုင်း စည်းချက်လိုက်နေသည်။

အပေါ်ပိုင်းမှာ စွပ်ကျယ်ဂျိုင်းပြတ်အနက်နှင့် အောက်ပိုင်းမှာက ဂျင်းဘောင်းဘီ ...

ထိုအခိုက်မှာ ကုတင်နံဘေးကစားပွဲပေါ်ရှိတဲ့ သူ့ရဲ့ GSM ဖုန်းလေး ထမြည်လာသည်။ မြည်လာတာ က ရယ်သံလေးတစ်ခု။

ကလေးလေးတစ်ယောက်ရဲ့ ခိုးခိုးခစ်ခစ် ရယ်သံလေးကို ချစ်လို့ ဖုန်းအလာမ်းလုပ်ထားတာ။

ခန့်ညားမော်က ....

"ဟာ ..."

ဟု ဘာရယ်မဟုတ် ရေရွတ်ရင်း လှဲနေရာက မထဘဲ ဟိုဖက်သို့ လှိမ့်ကာ ဖုန်းကိုဆွဲယူကြည့်လိုက် တော့သည်။

ခလုတ်ကလေးကိုနှိပ်ပြီး နားမထောင်ခင် ပေါ်နေသော နံပါတ်ကိုကြည့်တော့ သူ မရင်းနှီးသော နံပါတ်တစ်ခုဖြစ်သည်။

"ဟက်လို"

ဘာပဲဖြစ်ဖြစ် နားမှကပ်ပြီး ထူးလိုက်ပါသည်။

တုံ့တုံ့သည် စိတ်မရှည်သော ဟက်လိုသံကြောင့် အနည်းငယ်လန့်သွားရသည်။ ဒါဟာ သူ့အသံပဲ လား ... ဟုတ်မှာပါ။

"ကိုမော် .... ကိုမော်လား..."

"ဗျာ"

တိုးတိတ်သော မိန်းကလေးတစ်ဦးရဲ့အသံကြောင့် သူအာရုံထဲမှာ

တစ်စုံတစ်ရာရဲ့ စေ့ဆော်မှုဖြင့် လှုပ်လှုပ်ခတ်ခတ်ဖြစ်သွားသည်။

မှော် ဖျတ်ခနဲ ငုတ်တုတ်ထထိုင်လိုက်၏ ။

"ဟုတ်ပါတယ် ... အခုပြောနေတာ ဘယ်သူလဲ မသိဘူး"

"သြော် ... ရှင်ပဲ ဖုန်းဆက်ပြီးတော့"

"ဗျာ .... ကျွန်တော်မဆက်ပါဘူး"

တုံတုံက သူ့ကိုအကြောင်းရိုက်ဖို့ စဉ်းစားလိုက်သည်။

"ဒီမှာ ရှင့်ဖုန်းနံပါတ်တွေ့တာပဲ"

"မဟုတ်ဘူး၊ ကျွန်တော်မခေါ်ပါဘူး၊ ခင်ဗျားမှားနေပြီထင်တယ်"

"ဘာမှ မှားစရာမရှိဘူး၊ ရှင်ခေါ်လို့ ကျွန်မက ပြန်ခေါ်လိုက်တာ"

ခန့်ညားမှော်က မျက်မှောင်ကုတ်မိ၏ ။

အခုနက အိပ်ရာပေါ်လှဲမချခင် သူငယ်ချင်းတွေ တစ်ယောက်ပြီးတစ်ယောက်ဆီ သူ ဖုန်းခေါ်ခဲ့တာ တော့ ရှိပါသည်။

ပြန်ရောက်တာ မကြာသေးတော့ အခုမှသူငယ်ချင်းတွေဆီ ပြန်ဆက်သွယ်စကားပြောနေတာ။

နေစမ်းပါဦး ... ငါများ အဲဒီ လိုခေါ်ရင်း နံပါတ်တစ်ခုများ မှားနှိပ်မိလို့လား။

မှော် နည်းနည်းတော့ ဇဝေဇဝါဖြစ်သွားသည်။

ကောင်မလေးရဲ့အသံက ချိုရှရှနှင့် ချစ်စရာလေး ...

ဟာ ... မှားခေါ်မိတယ်ပဲ ထား၊ သူက ခန့်ညားမှော်နာမည်ကိုတော့ ဘယ်လိုသိမှာလဲ။

အခုန ကိုမှော်လို့ခေါ်လိုက်တာ သူ ကြားသည်။

ကောင်မလေးတစ်ယောက်ယောက် သူ့ကိုဖုန်းနှင့် အီတာလား။

"ခင်ဗျားက အခုဘယ်ဖုန်းနံပါတ်ကို ဆက်တာလဲ"

ကိုမှော့်ဆီကို ...

"အေးလေ ... အဲဒါ ဖုန်းနံပါတ် ဘယ်လောက်လဲ၊ နာမည်တူတာလား၊ ရန်ကုန်မှာ မှော်တွေ ဘယ်နှစ်ယောက်များ ရှိနေပြီလဲဗျာ"

"ရှင့်ဖုန်းပါပဲ ... မညာပါနဲ့"

"ပြောပါဦး ... နံပါတ် ဘယ်လောက်လဲဆိုတာ"

"(၀၉ .................) လေ"

" ဟာ ... အဲဒါ ကျွန်တော့်ဖုန်းပဲ၊ ကျွန်တော့်ဖုန်းနဲ့ ခင်ဗျားကိုဘယ်သူနှောက်ပြီလဲ"

အခုနက ဒီမှာအေးကျော်ပဲ ရှိသည်။ အေးကျော်ကလည်း သူဖုန်းယူပြီး မကလိတတ်ပါဘူး။

ခေါ်ထားတဲ့ ဖုန်းတွေထဲ သူပြန်ရှာကြည့်ရဦးမည်။

"ဆောရီးဗျာ ... ကျွန်တော်ကတော့ မခေါ်ပါဘူး။ ကျွန်တော့်နာမည်သုံးပြီး တစ်ယောက်ယောက် ခေါ်ထားရင်တော့ စိတ်မရှိပါနဲ့၊ တောင်းပန်ပါတယ်"

"ရပါတယ် ... ဒါဆိုလည်း ပြီးတာပဲ"

"ဟုတ်ကဲ့"

တုံတုံက ဖုန်းခလုတ်ကို ပြန်ပိတ်ပြီး ရယ်ချင်နေတဲ့မျက်နှာလေးနှင့် သူ့သူငယ်ချင်းနှစ်ယောက်ဖက် လှည့်ကြည့်ပါသည်။

သူတို့မျက်နှာတွေကလည်း ပြုံးစိစိဖြစ်နေသည်။

သူ့အသံကို ကြားရတာ တုံတုံရင်တွေ တုန်ခါလှိုင်းထနေရဆဲပါ။ ဘာရယ်မဟုတ် အကြောင်းရိုက် ပြောဖြစ်တာလေးတွေကို ပြန်ပြောပြီး သုံးယောက်သား သဘောတကျနှင့်တဟိဟိ ရယ်နေမိကြသည်။

ထိုညက တော်တော်နှင့်အိပ်ရာမဝင်ဖြစ်ဘဲ သုံးယောက်သားတသောသောနှင့် ဆူညံရှုပ်ယှက်ခတ် နေမိကြ၏ ။

*